# မြန်မာနိုင်ငံ

မိတ်ဆက်

မြန်မာနိုင်ငံတွင် လူဦးရေ ခန့်မှန်းခြေ ၅၉.၁ သန်းခန့်ရှိပါသည်။ ဘာသာစကားနှင့် ဒေသိယစကားအမျိုးအစား ၁၀၀ ကျော်ပြောဆိုကြသော များပြားစုံလင်သည့် တိုင်းရင်းသားအုပ်စုများပါဝင်ကြသည်။ လူသားဖွံ့ဖြိုးမှု ညွှန်းကိန်းတွင် ၁၆၈ နိုင်ငံအနက် အဆင့် ၁၄၉ တွင် ရှိနေသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပျမ်းမျှ ၅ ရာနှုန်းခန့် ရှိပြီး တစ်ဦးချင်း ပျမ်းမျှ နှစ်စဉ်ဝင်ငွေ အမေရိကန် ဒေါ်လာ ၇၀၂ ရှိပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံ့ သမိုင်းတွင်မည့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတစ်ရပ်တွင်ရှိနေပြီး ပြုပြင်ပြောင်းလဲရေး များကိုလည်း ဖော်ဆောင်နေပါသည်။ ၂၀၀၈ ခုနှစ် မေလတွင် စတင် အသက်ဝင်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သစ်နှင့်အတူ ရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၀ နိုဝင်ဘာလနှင့် ၂၀၁၂ ဧပရယ်လတို့တွင် ကျင်းပခဲ့ကြပါသည်။ လွှတ်တော်များနှင့်အစိုးရအဖွဲ့များကိုလည်း နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တို့တွင် ဖွဲ့စည်းလိုက်ကြပါသည်။ နိုင်ငံတော် သမ္မတကလည်း ပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေးနှင့် အခြေခံ အခွင့်အရေးများ ဖြည့်ဆည်းနိုင်ရေးတို့အပေါ် စူးစိုက် ပြောဆိုခဲ့သည်။ ဘဏ္ဍာရေးကဏ္ဍ၊ မီဒီယာ ကန့်သတ်မှုကို ဖြေလျှော့ပေးခြင်း၊ ထိန်းသိမ်းထားသူများကို လွှတ်ပေးခြင်း၊ ပဋိပက္ခနယ်မြေအချို့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရရှိခဲ့ခြင်းစသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အပြုသဘောဆောင်သော ပြောင်းလဲ တိုးတက်မှုများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ထိစပ်မှု ပိုမို မြင့်တက်လာခဲ့ပါသည်။